ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

National Community Driven Development Project

**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်




ကုန်းသာကျေးရွာ ၊ သေးဆူလဲကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ကုန်းသာကျေးရွာ ၊ သေးဆူလဲကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ.................... ၁
ကျေးရွာအုပ်စုမြေပုံ.................... ၂
ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း.................... ၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ.................... ၄
ကျေးရွာသမိုင်းအကျဉ်းချုပ်.................... ၆
ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း.................... ၈
ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်.................... ၉
ကျား/မ ပင့်ကူအိမ်.................... ၁၀
ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်.................... ၁၁
အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ.................... ၁၂
အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်.................... ၁၃
ရာသီခွင်ပြ ပြက္ခဒိန်.................... ၁၄
ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်.................... ၁၅
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ.................... ၁၆
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ.................... ၁၇
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁).................... ၁၈
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂).................... ၂၁
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃).................... ၂၂
နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.................... ၂၄
ကျေးရွာအစည်းအဝေးမှတ်တမ်းများ.................... ၂၆
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်.................... ၂၈


# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကုန်းသာကျေးရွာ ၊ သေးဆူလဲကျေးရွာအုပ်စု


ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | ကုန်းသာ | ၃၄၁ | ၈၀၄ | ၇၉၈ | ၁၆၀၂ |
| ၂ | သေးဆူလဲ | ၁၈၃ | ၅၂၃ | ၅၁၇ | ၁၀၄၀ |
| စုစုပေါင်း | | ၅၂၄ | ၁၃၂၇ | ၁၃၁၅ | ၂၆၄၂ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၉၅) + မ (၆၉) =စုစုပေါင်း (၁၆၄) ဦး*

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ကုန်းသာကျေးရွာသည် သေးဆူလဲကျေးရွာအုပ်စု၊ ဒီးမော့ဆိုမြို့နယ် အတွင်းရှိ ဒီးမော့ဆို-မိုးဗြဲဆက်သွယ်ထားသော ကတ္တရာလမ်းမကြီး ဘေးတဖက်တချက်တွင် တည်ရှိပြီး ဒီးမော့ဆိုနှင့် ၃မိုင်ခန့်ကွာဝေးပါသည်။ မြောက်ဘက်တွင် သေးဆူလဲကျေးရွာ၊ တောင်ဘက်တွင် ဒေါင်ခါးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပါသည်။ အရှေ့ဘက် နှင့် အနောက်ဘက်တွင် စိုက်ပျိုးမြေ(လယ်ယာ)များရှိပါသည်။ ရွာ၏ အနောက်ဘက် တလျှောက်ရှိ ထီးကလျားချောင်းသည် ရွာတောင်ဘက်တွင်ကွေ့ဝှက်ပြီး ရွာအရှေ့ဘက် ရေသွင်းမြောင်းများသို့ စီးဆင်းသွားသည်။ ယခင်ကလယ်ယာစိုက်ပျိုးရေး အတွက် အကျိုးပြုခဲ့သော်လည်း ယခုတွင်ပင်မမှရေလွှတ်ခြင်းမရှိသောကြောင့် လယ်ယာလုပ်ငန်းအတွက် အသုံးမဝင်တော့ပေ။ ဒေါနို့ကူးကျေးရွာ (သဘာဝစိမ့်စမ်း ရေထွက်ပေါက်)မှ ကုန်းသာကျေးရွာ အလည်ဗဟိုကိုဖြတ်၍ အရှေ့ဘက်သို့ စီးဆင်းလာသော ချောင်းရေသည် ကျေးရွာလူထုများ၏ စိုက်ပျိုးရေးတွင် အဓိကမှီခို နေရသော ချောင်းဖြစ်ပြီး ၎င်းသည် ဘီလူးချောင်းနှင့် ပြန်လည်ပေါင်းဆုံခဲ့ပါသည်။

ကျေးရွာတွင် လူမျိုးပေါင်းစုံ နေထိုင်ခဲ့ကြသော်လည်း ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ခဲ့ကြသောကြောင့် ကျေးရွာ၏ အခြေခံအဆောက်အအုံများ ဖြစ်သော ဘုန်းကြီးကျောင်း၊ စေတီ၊ စာသင်ကျောင်းစသည့်တို့သည် ကျေးရွာလူထုအားလုံး လာရောက် အသုံးပြုခဲ့ ကြပါသည်။

ကုန်းသာကျေးရွာ၏ရွာတွင်းလမ်းများသည်များသောအားဖြင့် ကျေးရွာကိုယ်ထူကိုထဖြင့် ခင်းထားသောသဲခင်းလမ်းဖြစ်ပြီး သွားလာရေး လွယ်ကူသော်လည်း မိုးတွင်းတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြောင်း လေ့လာ သုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)

ကုန်းသာကျေးရွာသည် ၁၈၉၄ခုနှစ်တွင် အိမ်ခြေ၁၂လုံးဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုတွင်အိမ်ခြေပေါင်း ၃၄၁အိမ်ရှိပြီးဖြစ်ပါသည်။ ကုန်းသာကျေးရွာကို ဦးကုမ္မာဆိုသူက စတင်တည်ထောင်ခဲ့သောကြောင့် ထိုသူကိုအစွဲပြု၍ ကုမ္မာရွာ ဟုခေါ်တွင်ခဲ့ပါသည်။ စိုက်ပျိုးမြေကောင်းမွန်ပြီး သီးနှံဖြစ်ထွန်းကာ စိမ်းလန်းစိုပြေသာယာသောကြောင့် ကုမ္မာဟူသောအမည်မှ ကုန်းသာကျေးရွာဟု ရွာသူကြီးဦးပညာမှ ပြောင်းလဲခေါ်ဆို သမုတ်ခဲ့ပါသည်။

၁၉၄၄ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြောင့် နေအိမ်များမီးလောင် ပျက်စီး ဆုံးရှုံးခဲ့ရပြီး ကျေးရွာလူထုများသည် စစ်ဘေးလွတ်ရာ တနယ်တကျေးသို့ ခတ္တထွက်ပြေး တိမ်းရှောင်ခဲ့ကြပါသည်။ စစ်ကြီးပြီးဆုံးပြီးနောက် ရွာသူကြီးဦးကာမှ ဦးဆောင်ပြီး ရွာသူ/သားများကို ပြန်လည်အခြေချနေထိုင်ခဲ့ကြပါသည်။ စစ်ကြီးပြီးကာလ နောက်ပိုင်း ပါလီမန်ခေတ်တွင် မြို့ပိုင်ဦးအေးမြတ်လေးနှင့် ရွာသူကြီးဦးဝါရိန်သတို့မှ ဒီးမော့ဆို- နန်းမယ်ခုံသို့ ဆက်သွယ်သော ကတ္တရာလမ်းမကြီးကို ဦးဆောင်၍ ဖောက်လုပ် ခဲ့ကြပါသည်။ ၁၉၅၀ခုနှစ်တွင် ရွာသူ/သားများ ကိုးကွယ်စည်းကပ်နိုင်ရန် ဘုန်းတော်ကြီးကျောင်း တကျောင်း တည်ဆောက်ခဲ့ပါသည်။ ၁၉၈၀ခုနှစ်တွင် အဘွားဒေါ်ဥမှ ရွာသူ/သားများနှင့် ပူးပေါင်းဆောင်ရွက်ကာ ရွာဦးစေတီကို တည်ထား ကိုးကွယ် ခဲ့ပါသည်။


၁၉၈၆ခုနှစ်တွင် ရွာအနောက်ဘက်ရှိ ထေးကလျားချောင်းတာဘောင် ကျိုးပြီးအိမ်များ၊ ခြံများ၊ဘုန်းကြီးကျောင်း၊လယ်ယာများနှင့် စိုက်ပျိုးသီးနှံများ ရေလွှမ်းမိုးခြင်း ခံရကာ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထို့နောက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည် ထူထောင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၇ခုနှစ်တွင်လက်ရှိ ဘုန်းတော်ကြီးကျောင်း ကိုကိုယ်ထူကိုယ်ထ အုတ်မြစ်ချခြင်း၊ ရွာအရှေ့ဘက်လယ်တောသို့ သွားရာလမ်းအား ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ခုနှစ်တွင် အ.မ.ကစာသင်ကျောင်းဆောင်ကို ယူနီဆက်မှ သွပ်လှူဒါန်းမှုနှင့်အတူ ကျေးရွာ၏ ထည့်ဝင်ငွေဖြင့် ဝိုင်းဝန်း ဆောက်လုပ် ခဲ့သည်။ ရွာနန်းစေတီကိုမူ ၁၉၉၃ခုနှစ်တွင် အဘိုးဦးစံလှနှင့် အဘွားဒေါ်နန်းအောင်တို့မှ ဦးစီးလှူဒါန်းပြီး ရွာသူ/သားများနှင့် တည်ထားကိုးကွယ်ခဲ့ပါသည်။ ၁၉၉၄ခုနှစ်တွင် ကျေးရွာလျှပ်စစ်မီးရရှိနိုင်ရေးအတွက် ကိုယ့်အားကိုကိုးစနစ်ဖြင့် ထရန်စဖော်မာ ဝယ်ယူထားရှိခဲ့သော်လည်း ၂၀၀၂ခုနှစ်မှသာ လျပ်စစ်မီး စတင်ရပါသည်။ ၂၀၀၈ခုနှစ်တွင် ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။

၂၀၁၀ခုနှစ်တွင် လေဆင်နှာမောင်းတိုက်ခိုက်ခြင်းကြောင့် ရွာအတွင်းအိမ်များ ပျက်စီးမှုဖြစ်ခဲ့ပါသည်။ ၂၀၁၀ခုနှစ်တွင်ပင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် ၂၀၁၅ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ ခွင့်ပြုချက်ရပုံငွေအပါအဝင် ကျေးရွာလူထု ထည့်ဝင်ငွေများဖြင့် ကျေးရွာစာကြည့်တိုက် တည်ဆောက်ခဲ့ပါသည်။

ကုန်းသာကျေးရွာတွင်ရှမ်းလူမျိုးအများစုနေထိုင်ပြီး ဂေါ်ရခါး ၊ကယန်း ၊ပအို့၊ အင်း၊ ဗမာ၊ ကယား၊ ဓနုစသည့် လူမျိုးစုများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ခဲ့ကြပါသည်။ လက်ရှိတွင် အိမ်ခြေ ၃၄၁အိမ် ၊ရပ်ကွက် ၄ရပ်ကွက်၊လူဦးရေ ကျား-၈၀၄၊မ-၇၉၈စုစုပေါင်း ၁၆၀၂ဦးရှိပါသည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း




*ပါဝင်ဆွေးနွေးသူ -  ကျား (၉၅) + မ (၆၉) =စုစုပေါင်း (၁၆၄) ဦး*

## ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်


ကုန်းသာကျေးရွာ၏ ဥစ္စာခနကြွယ်ဝမှုပြဇယားကို အဆင့်(A)၊အဆင့်(B)နှင့် အဆင့်(C)ဟူ၍ အုပ်စု၃စု သတ်မှတ်ထားပါသည်။

အဆင့်Aတွင် မူလကတည်းကပင် မိဘဘိုးဘွားများ၏ အမွေအနှစ်များခြင်းကြောင့်ဖြစ်ပါသည်။ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး လယ်ခြံမြေ ပိုင်ဆိုင်မှုများသည့်အလျောက် သီးနှံ အထွက်နှုန်းအတွက် ရင်းနှီးမြှပ်နှံမ ှုပေးနိုင်သောကြောင့် ဝင်ငွေလည်းကောင်း၍ လယ်ခြံမြေများ တိုးချဲ့ဝယ်ယူနိုင်သည်ကို လေ့လာတွေ့ရပါသည်။ တနှစ်တာပျှမ်းမျှဝင်ငွေ (သိန်း၃၀၀)ခန့်ရှိပြီး ဘာသာရေးဆိုင်ရာ အလှူဒါန်းအများဆုံး ပါဝင်ခဲ့ကြသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းတွင်မူ ပူးပေါင်းပါဝင်မှု၊အချိန်ပေးနိုင်မှုမရှိကြောင်း လေ့လာ သုံးသပ်ရပါသည်။

အဆင့်Bအုပ်စုတွင် မိမိတို့ပိုင်ဆိုင်သော လယ်ခြံမြေများကို လုပ်ကိုင်စားသောက်ကြပြီး အလုပ်သမားငှားရမ်း အသုံးပြုမည့်အစား ငွေကြေးကုန်ကျမှု နည်းပါးအောင် လက်စားလိုက်ခြင်းများဖြစ် ဝင်ငွေတိုးအောင် လုပ်ဆောင်ခဲ့ကြပါသည်။ တနှစ်တာ ပျှမ်းမျှဝင်ငွေ(သိန်း၁၀၀)ခန့်ရှိပြီး ဘာသာရေးအလှူဒါန၊ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အင်တိုက်အားတိုက် အများဆုံး ပူးပေါင်းပါဝင်ကြောင်း လေ့လာသုံးသပ်ရပါသည်။

အဆင့်Cအုပ်စုတွင် လယ်ခြံမြေပိုင်ဆိုင်မှုမရှိ၍ ရာသီအလိုက်လုပ်ငန်းပေါ်မူတည်ပြီး နေ့စားလိုက်ခြင်းအလုပ် လုပ်ခဲ့ကြသောကြောင့် ဝင်ငွေတည်မြဲမှု မရှိသောကြောင့် စားဝတ်နေရေး ဖူလုံမှုအတွက် ကြိုးစားရုန်းကန်နေရပါသည်။ သားသမီးများ၏ ပညာရေးကို ဆုံးခန်းတိုင် မထောက်ပံ့နိုင်ပါ။တနှစ်တာ ပျှမ်းမျှဝင်ငွေ(၁၅-၂၀)ထိ ရှိပါသည်။ထိုအုပ်စုသည် ဝမ်းစာရေးအတွက် ကြိုးစားနေရသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးတွင် အချိန်ပေးသော်လည်း အပြည့်အဝပူးပေါင်းပါဝင်မှု မပေးနိုင်ကြောင်း သုံးသပ်ရပါသည်။ ထို့ကြောင့်ကုန်းသာကျေးရွာ သည်ကျေးရွာဖွံ့ဖြိုးရေး အတွက် အချိန်ပေးလုပ်ဆောင်ပေးနိုင်သောအုပ်စု နည်းပါးသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် နှောင့်နှေးကြန့်ကြာစေနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)




ပါဝင်ဆွေးနွေးသူ -  ကျား (၉၅) + မ (၆၉) =စုစုပေါင်း (၁၆၄) ဦး


## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ကုန်းသာကျေးရွာ၏ ကျား-မရေးရာပင့်ကူအိမ်ကို ဆွေးနွေးဖော်ထုတ်ရာတွင် အမျိုးသမီး/သားများသည် ရပ်ရွာအကျိုးသယ်ပိုးရာတွင် တန်းတူညီမျှပူးပေါင်း လုပ်ဆောင်ခဲ့ကြသော်လည်း ရှေးအစဉ်အလာအရ အိမ်ထောင်ဦးစီးဖြစ်သော အမျိုးသားများသာ အစည်းအဝေးကို ဦးဆောင်၍ ဆုံဖြတ်ပေးရသူအဖြစ် သိမှတ်ထားခြင်း ရှိနေသေးပါသည်။ ထို့ကြောင့်ဦးဆောင်မှု၊လုပ်ပိုင်ခွင့်အာဏာတွင် အမျိုးသားများထက် နည်းပါးနေသော်လည်း ပိုမိုတိုးတက်လာသောအခြေအနေကို တွေ့ရပါသည်။

အမွေရပိုင်ခွင့်တွင် အမျိုးသားများ၏ သုံးပုံတပုံကို ရရှိလာသည်ကို တွေ့ရ သော်လည်း ကျေးရွာအတွင်း နေထိုင်သော ကယန်းလူမျိုးများမှာမူ ရှေးအစဉ်အလာအရ အမျိုးသမီးများ အမွေမရခဲ့ကြပေ။ ထို့အပြင် အမျိုးသမီးများသည် ခြံထွက်သီးနှံများ ရောင်းခြင်း အိမ်ဈေးတည်ခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြပြီး အမျိုးသမီးများ ဦးဆောင်သော အိမ်ထောင်စုများတွင် အမျိုးသားဦးစီးသော အိမ်ထောင်စုထက် ပို၍စားဝတ်နေရေး အတွက် အခက်ခဲရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ကုန်းသာကျေးရွာသည် အမျိုးသား/သမီးများ၏ ပူးပေါင်းပါဝင်မှု၊ ဦးဆောင်မှု၊ ဆွေးနွေးတိုင်ပင်မှု အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း အမျိုးသမီး အများစုမှာ အိမ်တွင်းမှုလုပ်ငန်းတွင် အချိန်ပေးနေရခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းတွင် ဦးဆောင်နိုင်ရန် အခက်အခဲရှိကြောင်း လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၉၅) + မ (၆၉) =စုစုပေါင်း (၁၆၄) ဦး*

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ကုန်းသာကျေးရွာတွင် အဖွဲ့အစည်းအားဖြင့် (၁၄)ဖွဲ့ရှိသည့်အနက် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ရေးမှူးတို့သည် ကျေးရွာအတွင်းရှိ ကျန်အဖွဲ့အစည်းအားလုံးနှင့် ချိတ်ဆက်၍ လုပ်ဆောင်ရသည့်အပြင် ရပ်ရွာသာရေး ၊နာရေး၊ ဖွံ့ဖြိုးရေး၊ လူမှုရေး ၊ပညာရေး၊ကျန်းမာရေး၊ဘာသာရေးစသည့် ကိစ္စအဝဝကို ရွာလူထုများအားလုံးနှင့် ပူးပေါင်းတိုင်ပင်ကာ ကျေးရွာတွင်ဖြစ်ပေါ်လာသော ပြဿနာရပ်များကိုလည်း ပြေလည်အောင်ဖြေရှင်း ဆောင်ရွက်ရပါသည်။ ဘာသာရေးခေါင်းဆောင်အဖွဲ့နှင့် လူငယ်အဖွဲ့များသည်လည်း ကျေးရွာ၏အရေးပါသော အဖွဲ့များဖြစ်ပြီး အလှူ၊ မင်္ဂလာဆောင်၊ နာရေးစသည့်တို့တွင် တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး လူငယ်အဖွဲ့သည် ပွဲလမ်းသဘင်တွင် ဖျော်ဖြေရေးအတွက် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့လည်း ထားရှိခဲ့ကြပါသည်။ မီးကော်မတီသည် ကျေးရွာ၏လျှပ်စစ်မီးနှင့်ပတ်သက်၍ မီတာကောက်ခံခြင်း၊ စက်ချို့ယွင်းပါက သက်ဆိုင်ရာကို အကြောင်းကြားခြင်းတို့ လုပ်ဆောင်ရပြီး ကျောင်းကော်မတီသည် ကျောင်း၏လိုအပ်သော ပရိဘောဂ၊ အခမ်းအနားများတွင ်ပြင်ဆင်ခြင်း ပညာရည်ချွန်ဆုပေးခြင်း တို့အတွက် ဦးဆောင်လုပ်ပေးရပါသည်။ မြစိမ်းရောင်ကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွဲ့ပေးသောငွေစုငွေချေး ကော်မတီအဖွဲ့ဖြစ်ပြီး ကြက်ခြေနီအဖွဲ့သည် ကျေးရွာတွင် လိုအပ်သော ရှေ့ဦးသူနာပြု လုပ်ပေးရပါသည်။ လူထုဗဟိုပြုကော်မတီသည်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးသော ကော်မတီအဖွဲ့ဖြစ်ပါသည်။ မီးသတ်အဖွဲ့သည် နွေရာသီတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဟောပြောပွဲများပြုလုပ်ပေးပြီး အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးအကြမ်းဖက်မှုများဖြစ်ပေါ်ပါက ဖြေရှင်းပေးခြင်း ၊ အသိပညာဟောပြောပွဲပြုလုပ်ပေးခြင်းတို့ လုပ်ဆောင်ရပါသည်။

ကုန်းသာကျေးရွာ၏ အဖွဲ့အစည်းများသည်တဖွဲ့နှင့်တဖွဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတို့မ ှတဆင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)

ရာသီခွင်ပြ ပြက္ခဒိန်



*ပါဝင်ဆွေးနွေးသူ - ကျား (၉၅) + မ (၆၉) =စုစုပေါင်း (၁၆၄) ဦး*

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ကုန်းသာကျေးရွာအတွင်းရှိ ရွာသူရွာသားများသည် အဓိကအားဖြင့် စိုက်ပျိုးရေးကို လုပ်ကိုင်ခဲ့ကြပြီး ရေမြေအနေအထားကောင်းသော ကျေးရွာသေဒဖြစ်၍ စိုက်ပျိုးရေးဖြစ်ထွန်းသော ကျေးရွာတရွာဖြစ်ပါသည်။ ဆယ့်နှစ်ရာသီပတ်လုံး စိုက်ပျိုးခြင်း ပြန်လည်ရိတ်သိမ်းခြင်း လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ အာလူး၊ ပြောင်း၊ ကြက်သွန်စသည်တို့ စိုက်ပျိုးခဲ့ကြပါသည်။ အာလူးအများဆုံးထွက်သော ဒေသဖြစ်ပြီး စိုက်ပျိုး/ရိတ်သိမ်းရာသီတွင် အရင်းနှီးကုန်ကျငွေ များ၍ သီးနှံပေါ်ချိန်ဖြစ်သော ဩဂုတ်၊စက်တင်ဘာနှငဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့တွင် ဝင်ငွေအများဆုံးရရှိ၍ မတ်လတွင် ဝင်ငွေအနည်းငယ် ရှိခဲ့ကြပါသည်။ ဟင်းရွက်သစ်သီးဝံလာပေါများသော ကျေးရွာလည်းဖြစ်ပါသည်။

ကျေးရွာတွင် နတ်စင်တက်ပွဲ၊ ဆွမ်းလောင်းပွဲ၊ သင်္ကြန်ပွဲ၊ ပဠာန်းပွဲ၊ ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်(ကထိန်)ပွဲ၊ ရှမ်းနှစ်သစ်ကူးပွဲနှင့် ဓမ္မစကူးလ်ကျောင်းဆင်းပွဲ တို့နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခဲကြပါသည်။ စိုက်ပျိုးရေးအလုပ်များခြင်း၊ ပွဲတော်ကာလများခြင်းကြောင့် အလုပ်နားပါးချိန်ဖြစ်သော ဖေဖော်ဝါရီ၊ မတ်၊ ဧပြီနှင့် အောက်တိုဘာလတွင် ဘုရားဖူးထွက်ခဲ့ကြပါသည်။ ကျေးရွာတွင် ရာသီကူးပြောင်းချိန်တွင် တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် နှာစေးချောင်းဆိုးခြင်းစသည့် ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပါသည်။

ကုန်းသာကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်သော်လည်း မိုးရာသီတွင်ကျေးရွာအတွင်းရှိလမ်းများမှာ အများစုသည် မြေသားလမ်းဖြစ်သောကြောင့် သွားလာရေးခက်ခဲ၍ ရာသီမရွေးစိုက်ပျိုးနိုင်သော်လည်း နွေရာသီတွင် သောက်သုံးရေ မလုံလောက်မ?များ ကြုံတွေ့နေရပါသည်။ စီးပွားရေးအချက်အချာ ကျပြီး ဖွံ့ဖြိုးရေးအသင့်အတင့် တိုးတက်ကောင်းမွန်သော ကျေးရွာအဖြစ် သုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဒေါ်ခင်စီဦး | မ | ဘဏ္ဍာရေးစာရေး |
| ၂ | ဦးမိုးညို | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၃ | ဦးမင်းနိုင်ဦး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) |
| ၄ | ဒေါ်မြစိန် | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ (အဖွဲ့ဝင်) |
| ၅ | ဒေါ်စိန်မြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၆ | ဦးကျော်ငွေစိုး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ(ဥက္ကဋ္ဌ) |
| ၇ | ဦးဘမောင် | ကျား | ဘဏ္ဍာရေးဆပ်ကော်မတီ |
| ၈ | ဒေါ်နန်းသီတာဦး | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၉ | ဦးအောင်ဆန်းထွေး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၁၀ | ဦးဟန်ဇော်ဟိန်း | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၁ | ဦးစိုင်းဖိုးထူး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၁၂ | ဦးစိုင်းဇာခြည်ထွန်း | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဦးဆန်းဒေး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) |
| ၁၄ | ဦးရဲအောင်နိုင် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ (အဖွဲ့ဝင်) |
| ၁၅ | ဦးခွန်းထက် | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၆ | ဒေါ်နန်းဘိ | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| |
|---|
| *လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။* |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ဖိုး ကြွယ် | ၀၉-455437584 | ဒေါ်ရီတာ |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီး မော့ဆို | သော့ဆူလဲ | ကျူ : သာ |

ကး လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | ၂၃၀ | ဘာသာ (၁) ခရစ်ယာန် | ၃၄၁ |
| လူမျိုးစု (၂) ကယန်း | ၆၇ | ဘာသာ (၂) ----------- | |
| လူမျိုးစု (၃) ပအိုဝ်း | ၁၁၆ | ဘာသာ (၃) ----------- | |
| ကယား | ၁၅ | | |
| လူမျိုးစု (၄) ဗမာ | ၂၆ | | |
| ရှင်း | ၁ | | |
| လူမျိုးစုရော [illegible] | ၁ | ဘာသာရော ----------- | |
| ဂေါ်ဖဂါ | ၈ အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၀၉ / ၂၉ | ၄၉၇ / ၃၀ |
| လူမျိုးစု (၁) ရှမ်း / ကယား | ၂၀၀ / ၂ | ၂၁၈ / ၃ |
| လူမျိုးစု (၂) ကယန်း / ရှင်း | ၁၀၀ / ၃၄ | ၁၆ / ၅ |
| လူမျိုးစု (၃) ဗမာ / ခနု | ၈ / ၁ | ၇ / ၃ |
| လူမျိုးစု (၄) ပအိုဝ်း | [illegible] ၂၂ | ၁၇ |
| လူမျိုးစု (၅) ဂေါ်ဖဂါ | [illegible] ၁၈ | [illegible] ၁၂ |
| အိမ်ထောင်ဦးစီး | ၂၈၄ | ၄၈ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း  (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (ဝိုင်းထားသည်) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

## လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂ မိုင်---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၂၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---၂၀၁၃ ခုနှစ် ရေကြီးခြင်းကြောင့် ကွင်း ၁၀ ကွင်း များ ဆုံးရှုံးခြင်း၊ သီးနှံ ပျက်စီး ဆုံးရှုံးခြင်း

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မြေစိမ်း ရွာ ငွေစု ငွေချေး ကော်မတီ

(၂) ------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးမိုးကျော်

လက်မှတ် — နေ့စွဲ 19.10.2017

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ရီဘ

လက်မှတ် — နေ့စွဲ 19.10.2017

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| |
|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ရီတာ |
| နေ့စွဲ 19.10.2017 — စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် ဒီးမော့ဆို — ကျေးရွာအုပ်စု ဒေါသဲဆူလဲ — ကျေးရွာ ကျုံ.သာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 18.10.2017 | 18.10.2017 | ၉၆ | ၆၉ | ၁၆၅ | ရှမ်း = ၁၁၈, ကယန်း = ၂၅, ဗမာ/ကရင်/ပအိုဝ့်/ဂေါ်ရခါး [illegible] |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.10.2017 | 19.10.2017 | ၃၄ | ၈၅ | ၁၁၉ | ရှမ်း ၉၁, ရှမ်း+ကယား = ၁၁, ကယန်း = ၁၄, ပအိုဝ့် = ၁, ကရင် = ၁, ဂေါ်ရခါး = ၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 24.10.2017 | 24.10.2017 | 5 | 7 | 12 | ရှမ်း ၄, ကယား ၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 8.11.2017 | 8.11.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 3.11.2017 | 3.11.2017 | 103 | 49 | 152 | ရှမ်း 119, ကယား 10, ပအိုဝ့် 6, ကယန်း 15, ဂေါ်ရခါး 2 |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 29.11.2017 | 29.11.2017 | 6 | 7 | 13 | ရှမ်း 10, ကယား 3, ဂေါ်ရခါး 1 |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 29.11.2017 | 29.11.2017 | 6 | 7 | 13 | ရှမ်း 10, ကယား 3, ဂေါ်ရခါး 1 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 29.11.2017 | 29.11.2017 | 6 | 7 | 13 | ရှမ်း 10, ကယား 3, ဂေါ်ရခါး 1 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 29.11.2017 | 29.11.2017 | 6 | 7 | 13 | ရှမ်း 10, ကယား 3, ဂေါ်ရခါး 1 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 29.11.2017 | 29.11.2017 | 6 | 7 | 13 | ရှမ်း 10, ကယား 3, ဂေါ်ရခါး 1 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်  (PC-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ရီဘာ | | | |
| နေ့စွဲ 19. 10. 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု သေးဆူလဲ | ကျေးရွာ ကုန်းသာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီတွင် လမ်းမကောင်းသောအခက်အခဲ | ၁ | ကိုယ်တွင်းမှ အတတ်ပညာနည်းပါးခြင်း။ |
| ၂ | လျှပ်စစ်မီး အလျဉ်ခါတိုင်း မရလော့သည့် အခက်အခဲ | ၂ | စိုက်ပျိုးရေး အရင်းအနှီး မရှိခြင်း။ |
| ၃ | ကျန်းမာရေး ဆေးပေးခန်း မရှိ၍ အခြားကျေးရွာသို့ သွားရောက်ကုသရခြင်း အခက်အခဲ | ၃ | ရာသီဥတု မမှန်၍ အသီးနှံ ပင်ပျက်စီး၍ ထွက်ကုန်နည်းပါး သည့်အခက်အခဲ |
| ၄ | ဓာတ်သဘာဝ စနည်းဖြင့်စိုက်ပျိုးရေး နည်းပညာမရှိ | ၄ | နွေရာသီတွင် သောက်သုံးရေ မလုံလောက်ခြင်း |
| ၅ | သောက်ရေကောင်း ရရှိရေး အသုံးများ၍ ကျန်းမာရေး ထိခိုက်မှုရှိခြင်း။ | ၅ | မွေးကြီးပြီး လူမျိုးစုများသောကြောင့် စည်းလုံးရန်ခက်ခဲခြင်း။ |
| ၆ | ရာသီဥတုကြောင့် အသီးနှံပျက်စီးခြင်း။ | ၆ | ကျန်းမာရေး ဆောင့်ရှောက်မှုအလျှော် ဆေးဝါးရ မရှိသည့်အခက် |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာလမ်းများ ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ ဖြစ်လာရမည်။ | ၁ | အထက်တန်း ကျောင်း ဖြစ်ရမည်။ |
| ၂ | မီးဖြည့်ရသော လျှပ်စစ်မီး ရရှိရမည်။ | ၂ | ဆေးပေးခန်း ရှိရမည်။ |
| ၃ | လက်မှုမှ စက်မှုသို့ တိုးတက် ပြောင်းလဲလာရမည်။ | ၃ | ရွာလုံးကျွတ် လမ်းများ သည် ကတ္တရာလမ်း ဖြစ်ရမည်။ |
| ၄ | ကျန်းမာရေး ဆေးပေးခန်း ရှိရမည်။ | ၄ | သွားလာရေး/အဆက်အသွယ်ရေး ကောင်း၍ ဖွံ့ဖြိုးတက်ရမည်။ |
| ၅ | စီးပွားရေး သာယာဖြိုး ဆောင်စီ ဖွံ့ဖြိုး တိုးတက်သောကျေးရွာ (နမူနာကျေးရွာဖြစ်ရန်) | ၅ | ပညာတတ် မိုးများ လာရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း | ကျ+မ | | |
| ၂ | ကျေးရွာခန်းမဆောင် | ကျ+မ | | |
| ၃ | ဆေးပေးခန်း | ကျ+မ | | |
| ၄ | ရေသန့်စက် | ကျ+မ | | |
| ၅ | အဝိမ်းတွင်း | ကျ+မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာ | မ | |
| ၂ | စက်မှုပြုပြင်ရေး သင်တန်း | မ | |
| ၃ | စက်ချုပ်သင်တန်း | မ | |
| ၄ | အမျိုးသမီး စွမ်းဆောင်ရည်မြှင့် သင်တန်း | မ | |
| ၅ | ကွန်ပျူတာသင်တန်း | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ် ဝေ့ဝေ့ဝင်း လက်မှတ် [signature] နေ့စွဲ 19.10.2017

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ကျောက်ခင်းလမ်း | ☑မ ☑ကျား | ကျေးရွာ | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ကျေးရွာခန်းမ ဆောင် | ☑မ ☑ကျား | | |
| | ၃ | [illegible] | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | ရေသန့်စက် | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေး ပေး ခန်း | ☑မ ☑ကျား | | |
| | ၂ | စိုက်ပျိုး ရေး နည်းပညာ | ☑မ ☐ကျား | | |
| | ၃ | ဆက်မှုပြုပြန်ရေး သင်တန်း | ☑မ ☐ကျား | | |
| | ၄ | ဆက်ဥပုဒ်သင်တန်း | ☑မ ☐ကျား | | |
| | ၅ | [illegible] | ☑မ ☐ကျား | | |
| ပညာရေး | ၁ | ရွှင်ပျော်စာသင်တန်း | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| အခြား | ၁ | ကဝိဓိတ္ထူး | ☑မ<br>☑ကျား | | |
| | ၂ | | ☐မ<br>☐ကျား | | |
| | ၃ | | ☐မ<br>☐ကျား | | |
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

ပထမအကြိမ်အစည်းအဝေး

နေရာ - ကျေးရွာဘုန်းကြီးကျောင်းခန်းမဆောင်

အချိန် - နံနက်(၉:၀၀)နာရီတိတိ

ရက်စွဲ - ၁၈.၁၀.၂၀၁၇

အစည်းအဝေးတက်ရောက်သူ ကျား (၉၅) ဦး ၊ မ (၆၉) ဦး=ပေါင်း(၁၆၄)ဦး

အကြောင်းအရာ။ ။ပထမအကြိမ်ကျေးရွာအစည်းအဝေးပြုလုပ်ခြင်း။

သေးဆူလဲအုပ်စု၊ကုန်းသာကျေးရွာ ပထမကြိမ်ကျေးရွာ အစည်းအဝေးကို ၁၈.၁၀.၂၀၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ရှေးဦးစွာ တက်ရောက်သူစာရင်း ကောက်ယူခြင်း၊ အစည်းဝေးအစီစဉ်များကို ရှင်းပြခြင်း ၊အုပ်စုအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူးမှ စီမံကိန်းမိတ်ဆက် အချက်(၁၅)ချက်ကို ရှင်းပြခြင်း၊ စီမံကိန်းစက်ဝန်း အကြောင်းကို ရှင်းပြခြင်းနှင့် အဓိကတာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားကိုရှင်းပြပြီး ကျေးရွာစေတနာ့ဝန်ထမ်း၏တာဝန်များကို ရှင်းပြပြီး ကျေးရွာစေတနာ့ဝန်ထမ်းကိုပြန်လည် အတည်ပြုခဲ့ပါသည်။

လူထုစည်းရုံးရေးမှူးမှ PRA Toolsများဖြစ်သော-

၁။အရင်းအမြစ်ပြမြေပုံ

၂။ဥစ္စာ ခနကြွယ်ဝမှုပြဇယား

၃။အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပြဇယား

၄။ရာသီခွင်ပြဇယား

၅။ပင့်ကူအိမ်သုံးသပ်ခြင်း

၆။အဖွဲ့အစည်းချိတ်ဆက်မှုပြ ဇယားတို့ကို ပြန်လည်ဆွေးနွေး အတည်ပြုခဲ့ပါသည်။ ပထမအကြိမ် ကျေးရွာအစည်းအဝေးကို ညနေ(၄:၀၀)နာရီတိတိတွင် ရုတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

နေရာ - ကျေးရွာဘုန်းကြီးကျောင်းခန်းမဆောင်

အချိန် - နံနက်(၉:၀၀)နာရီတိတိ

ရက်စွဲ - ၁၉.၁၀.၂၀၁၇

အစည်းအဝေးတက်ရောက်သူ ကျား (၃၄) ဦး ၊ မ (၈၅) ဦး=ပေါင်း(၁၁၉)ဦး

အကြောင်းအရာ။ ။ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးပြုလုပ်ခြင်း။

သေးဆူလဲအုပ်စု၊ ကုန်းသာကျေးရွာ ဒုတိယအကြိမ်ကျေးရွာ အစည်းဝေးကို ၁၉.၁၀.၂၀၁၇ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ ပထမနေ့မှ ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် အမျိုးသမီးနှင့် အမျိုးသားများ အုပ်စုအလိုက် ကျေးရွာ၏ အခက်အခဲ/ပြဿနာများကို ဆွေးနွေးခြင်း၊ ကျေးရွာ၏ မျှော်မှန်းချက်များကို ဆွေးနွေးခြင်းနှင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်ခြင်း များပြုလုပ်ခဲ့ပါသည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဒေါ်ဖြိုးသူဇာငြိမ်းမှ အကျိုးဝင်သော လုပ်ငန်းနှင့် အကျိုးမဝင်သော စီမံကိန်းလုပ်ငန်းခွဲအကြောင်း ရှင်းပြခြင်းနှင့် အကာအကွယ်များ အကြောင်းကို ရှင်းပြခဲ့ပါသည်။ ကျေးရွာ၏ ဦးစားပေး လုပ်ငန်းများကို မဲပေးပြီး ရွေးချယ်ခဲ့ပါသည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဒေါ်ရီတာမှကော်မတီများ၏တာဝန်ဝတ္တရားများကိုရှင်းပြကာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့ကို ပြန်လည် အတည်ပြုပြီး ဆောင်ရန်အချက်နှင့် ရှောင်ရန်အချက်များကို ရှင်းပြပြီး COCနှင့်HR၂များကို ရေးထိုးပြီးကော်မတီများ မှတ်တမ်းဓါတ်ပုံရိုက်ခြင်းဖြစ် အစည်းဝေးကို နေ့လည်(၁၂:၃၀)နာရီတွင်ပိတ်သိမ်းခဲ့ပါည်။

မှတ်တမ်းတင်သူ-ဒေါ်ရီတာ (လူထုစည်းရုံးရေးမှူး)

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁၈.၁၀. ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များအားလုံး | ၉၅ | ၆၉ | ၁၆၄ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၈.၁၀. ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၉၅ | ၆၉ | ၁၆၄ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန် အများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၁၈.၁၀. ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၉၅ | ၆၉ | ၁၆၄ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦးစသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၈.၁၀. ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၉၅ | ၆၉ | ၁၆၄ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁၈.၁၀. ၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၉၅ | ၆၉ | ၁၆၄ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၁၈.၁၀. ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၉၅ | ၆၉ | ၁၆၄ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ<br>(Problem) | ၁၉.၁၀.၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၃၄ | ၈၅ | ၁၁၉ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ<br>(Village visions) | ၁၉.၁၀.၂၀၁၇ | ကျေးရွာလူထု အားလုံး | ၃၄ | ၈၅ | ၁၁၉ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ<br>(Village Approve Vision) | ၁၉.၁၀.၂၀၁၇ | ရွာလူထု အားလုံး | ၃၄ | ၈၅ | ၁၁၉ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ<br>(Village Object Vision) | ၁၉.၁၀.၂၀၁၇ | ရွာလူထု အားလုံး | ၃၄ | ၈၅ | ၁၁၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ်<br>(Village History) | ၁၈.၁၀.၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၉၅ | ၆၉ | ၁၆၄ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |